# မောင်စူးစမ်း (ရဲဘော်တင်ရွှေ၊ ဦးချမ်းအေး) ကိစ္စ

## ၂၉ - ၁ - ၂၀၁၀

(၁) 'ကိစ္စ' လို့ပဲ ခေါင်းစီးပေးလိုက်ရသည်။ 'အကြောင်း' လို့ ရေးရအောင်ကလည်း သူနဲ့မသိရုံမက တွေ့တောင် မတွေ့ဖူးခဲ့။ ဒါပေမဲ့ သူက ဗကပ 'ခြံပေါက်'။ အကြာကြီး ၁၀ နှစ်နီးပါး နေသွားတာဖြစ်သည်။ တခြားခြံတွေမှာက သိပ်မကြာဘူး။ ဆိုရှယ်လစ်ပါတီခြံ၊ မဆလ ခြံ၊ ဒီ/ချုပ် ခြံတွေမှာ သိပ်မကြာဘူး။ အလွန်ဆုံး ၃ - ၄ နှစ်ပဲ ကြာသည်။ ပြီးတော့ ဆိုရှယ်လစ်ပါတီ၊ မဆလ တို့က မရှိတော့ဘူး။ ဒီ/ချုပ် တော့ ရှိသည်။ ဒီဒုက္ခကို ဒီ/ချုပ် ကို လွှဲမပေးလိုတော့။ ဒါကြောင့်ပဲ ဗကပ က ဒီကိစ္စ ဒိုင်ခံရှင်းရန် တာဝန်ယူထားလိုက်ရသည်။ သူဘာရေးပြန်ပြီ၊ ဘာတွေပြောပြန်ပြီဆိုတဲ့ စာတွေကလည်း ဗကပ ဆီသို့ လာသည်။ ခြံခုန်သွားတဲ့သူရဲ့ကိစ္စကို ဗကပ ကပဲ တာဝန်ယူဖို့ ဖြစ်လာသည်။ ဒါကြောင့် ဒီဆောင်းပါးကို ရေးပါသည်။

(၂) မောင်စူးစမ်းကိစ္စ လေ့လာရသလောက်ဆိုလျှင် သူက ဆရာလုပ်လိုသည့် အကျင့်ကလေးရှိပုံပေါ်သည်။ တလောကပဲ နအဖ ရဲ့ လမ်းပြမြေပုံ (၇) ချက် ပြီးဆုံးရင် နောက်ထပ်လမ်းပြမြေပုံ အသစ်တခုရှိဖို့ လိုမလိုဆိုပြီး သူပဲ မေးခွန်းထုတ်၊ သူပဲ အဖြေပေးတာ လုပ်လိုက်သည်။ သူ့အဖြေက 'မလိုတော့ဘူး' တဲ့။

အဲဒီလို ဆရာလုပ်လိုက်တော့ နအဖ ကျွဲမြီးတိုသွားသည်။ မျက်လှည့်ဆရာက ပရိသတ်ကို မျက်စိလှည့်နေတုန်းမှာ တပည့်လူပြက်က ဝင်ပြီးပွဲဖျက်သလို ဖြစ်သွားလို့ ဒေါပွသွားသည်။ '၂၀၀၈ အခြေခံဥပဒေ' ဆိုတာက 'ရာသက်ပန်လမ်းပြမြေပုံ' ဖြစ်နေပြီပဲ။ ဘာလိုတော့မလဲ။ အဲဒါကို အလိုက်ကမ်းဆိုးမသိဘဲ မောင်စူးစမ်းက ဆရာဝင်လုပ်သွားလို့ ဒေါပွတာ ဖြစ်သည်။

ချမ်းအေးအဖြစ် ပထမဆုံး စင်တင်ပေးခဲ့တဲ့ ဆိုရှယ်လစ်ဦးထွန်းဝင်း (တည်မြဲ ဖဆပလ) တုန်းကလည်း အဲဒီလိုပဲ ဝင်ဆရာလုပ်မိလို့ ခွာပြဲခဲ့ပြီးပြီ။ ဗိုလ်နေဝင်းတို့ရဲ့ 'မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်' ခြံထဲတုန်းကလည်း ဆရာလုပ်ခဲ့မိလို့ မဆလ ထဲမှာ သိပ်မကြာလိုက်။ မော်လမြိုင်မှာ ရှေ့နေလုပ်နေတုန်း ဒီ/ချုပ် ပေါ်လာတော့ ဒီ/ချုပ် မှာ ခေါင်းဆောင်အဖွဲ့ဝင် ခဏဖြစ်လိုက်သေးသည်။ NLD ခြံထဲမှာလည်း သိပ်မကြာလိုက်။ အာဏာမရလိုက်ဘဲ ထောင်ပဲကျသွားသည်။ ဒီတခါမှာတော့ သူ့ကို NLD က ထုတ်လိုက်သည်ဟု သိရသည်။ သူကလည်း ပြန်ဝင်ဖို့ မကြိုးစား။ နအဖ အားကိုးနဲ့ ဒီ/ချုပ် ဆန့်ကျင်ရေးကို ဇောက်ချလုပ်သည်။ ဒါက လေ့လာရသလောက် သူ့အကြောင်း။

(၃) အခုကိစ္စက သူ့အကြောင်းရေးဖို့ မဟုတ်။ ဂျာနယ်တခုမှာ မောင်စူးစမ်းရေးတဲ့ ဆောင်းပါးတပုဒ်ကို တနေရာက ပို့လာလို့ ရေးရမှာ ဖြစ်သည်။

မောင်စူးစမ်းရဲ့ 'ပို့စ်မော်ဒန်' အရေးအသားကို (သူ့ပညာကို မမီလို့) ဘာပြောချင်မှန်း မသိပါ။ နားမလည်ပါလို့ ဆိုသူကဆိုသည်။ နားမလည်ရင် မဖတ်နဲ့ ဆိုတဲ့စကားလည်း ကြားဖူးထားသည်။ ဒါပေမဲ့ ဗကပ က ကိုယ့်ခြံပေါက်ခြံခုန်ပြီး သူများတကာအခင်း ဝင်ဖျက်ဆီးနေတာကို ထိုင်ကြည့်နေလို့ မရလို့ ဖတ်ရပါသည်။ NLD နဲ့ ဗကပ ကို ဆဲစာဆိုရင် တယ်ပြီးဒဲ့ဒိုး (တဲ့တိုး) ကျလှပါလား။ နားမလည်အောင်မက နာကြည်းအောင်လည်း ရေးတတ်လှပါလား။ 'အားမရှိဘဲ နိုင်ငံရေးဈေးမဆစ်နဲ့ နာသွားမယ်' တို့ 'ရှုံးနေတာပဲ' တို့ဆိုတာတွေကတော့ တယ်ပြီးရမ်းလှပါလား။

(၄) အခုပို့လာတဲ့ ဆောင်းပါးမှာတော့ မဆလ နဲ့ ဗကပ ကို တတန်းတည်း ထားလိုက်သည်။ (၂) ခုစလုံး ကျဆုံးတာ မဆန်းဟု ကောက်ချက်ချပြသည်။

'ရဲဘော်တင်ရွှေ' ဗကပ ထဲမှာ ၁၀ နှစ်နီးပါး နေသွားသည်။ ဗကပ က ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးပဲ ကြွေးကြော်နေတာ ဖြစ်ကြောင်း သူသိမှာပါ။ ဘယ်တုန်းကမှ 'ဆိုရှယ်လစ်တော်လှန်ရေး' လုပ်နေပါသည်ဟု မပြောခဲ့တာ သိမှာပါ။ ဘာကြောင့် အဲဒီလို ရောထွေးပစ်ချင်ရတာလဲ။

ဗဆွေ - ကျော်ငြိမ်းတို့ရဲ့ 'ဆိုရှယ်လစ်ပါတီ' မှ ဝန်ကြီး - ချမ်းအေးစစ်တမ်းရဲ့ဖခင်ကြီးဦးထွန်းဝင်းတို့ပဲ ဆိုရှယ်လစ်စနစ် အကောင်အထည်ဖော်တာဆိုပြီး 'ဗျူရိုကရက်လက်ဝါးကြီးအုပ်အရင်းရှင်စနစ်' ကို လုပ်နေကြတာ ဖြစ်သည်။ နေဝင်း မဆလ ကပဲ 'စစ်အာဏာရှင်စနစ်' လုပ်နေတာဆိုပြီး 'စစ်ဗျူရိုကရက်လက်ဝါးကြီးအုပ်အရင်းရှင်စနစ်' ထူထောင်ခဲ့တာ ဖြစ်သည်။ ဦးချမ်းအေးလည်း အုပ်တချပ်သဲတပွင့် ပါခဲ့တာ မဟုတ်ပါလား။

သူတို့တတွေ 'ဆိုရှယ်လစ်တော်လှန်ရေး' လုပ်နေတယ်လို့ မောင်စူးစမ်းက ယူဆပါသလား။

ရှင်းရှင်းပြောပါမည်။ ဗကပ က နှစ် '၆၀' ဒီမိုကရေစီတော်လှန်ရေးပဲ လုပ်သည်။ 'ဆိုရှယ်လစ်တော်လှန်ရေး လုပ်နေတယ်' လို့ ဘယ်တုန်းကမျှ မကြွေးကြော်။ ဗကပ လုပ်နေတဲ့ ဒီမိုကရေစီတော်လှန်ရေးကလည်း လိုရာမရောက်ခဲ့။ တဝဲလည်လည် ဖြစ်နေသည်။ တရုတ်ကွန်မြူနစ်ပါတီက လုပ်နေတဲ့ ပဏာမအဆင့် ဆိုရှယ်လစ်တည်ဆောက်ရေးနဲ့ပတ်သက်ပြီ ရဲဘော်တွေကို ဘာမှဝင်ပြီး တတ်ယောင်ကား မှတ်ချက်မပေးကြဖို့ တားထားရသည်။ မူလတန်းအဆင့်မှာ စာမေးပွဲတဖုန်းဖုန်းကျနေတဲ့ ကျောင်းသားက

တက္ကသိုလ်စာမေးပွဲ မေးခွန်းလွှာကို ဝင်မဖြေချင်ကြနဲ့လို့ ယတိပြတ်တားထားသည်။ သူတို့ တရုတ်ကွန်မြူနစ်တွေလုပ်တာ အောင်မြင်ရင် အတွေ့အကြုံအဖြစ် ယူရမည်။ ကျရှုံးရင် သင်ခန်းစာအဖြစ် မှတ်ရမည်ဟုလည်း တပါတည်းပြောထားသည်။

(၅) အခုတော့ ၂၀၁၀ ရွေးကောက်ပွဲအလွန်အတွက်ပဲ ပြင်နေသည်။ ဘီလူးစည်းလူ့စည်း ကွဲတော့မည်။ ဒီမိုကရေစီတော်လှန်ရေး အောင်မြင်ဖို့ သေနင်္ဂဗျူဟာနဲ့နည်းပရိယာယ်ကို ဘယ်လိုချမှတ်ကြမလဲဆိုတာကိုပဲ အာရုံပြုထားသည်။

မောင်စူးစမ်းလည်း စဉ်းစားနေဟန် ရှိသည်။ ၂၀၁၀ လွန် နိုင်ငံရေးမှာ နောက်တက်မယ့် စစ်အုပ်စုက သူ့ကို အသုံးချပါဦးမလား၊ ကြိတ်ပြီးကြံဖတ်လို ခွေးနင်းနင်းဝက်နင်းနင်း ပစ်ထားခံရမလား၊ သမီးနဲ့မြေးတွေရှိရာ အမေရိကားပြေးရမလား (အမေရိကားသွားရေး ထစ်နေတယ်လို့ ကြားရတယ်) စဉ်းစားနေလိမ့်မည်။

ထီဆုကြီးပေါက်ရင် စာရေးမစားတော့ဘူးလို့ပြောတာ တွေ့လိုက်သည်။ အဲဒီလိုတော့ မလုပ်လိုက်ပါနဲ့။ ထီဆုကြီးလည်းပေါက်၊ ပို့စ်မော်ဒန်အရေးအသားလည်း ဆက်ရေးစေချင်ပါသည်။ ဒါမှ ဗမာ့စာပေလောကမှာ လူအများနားမလည်တဲ့ မွေးစားအင်္ဂလိပ်စကားလုံးတွေ လျှိုင်ဘောလည်တဲ့ ရေးဟန်တမျိုး တီထွင်ပြီးဖြစ်မယ်လို့ ထင်မိပါကြောင်း။

၂၉ - ၁ - ၂၀၁၀
www.cpburma.org